SHARE:

[Join Our Email List]









# Digital Hate: Monthly Report for April 2024 (Eng / Myan)

**22 May 2024**


| |
|---|
| 1. Introduction |
| 2. Methodology |
| 3. Findings of hate speech in social networks |
| 4.The figure illustrating types of hate speech |
| 5. The figure illustrating the number of hate speech targets |
| 6. Keywords used by hate speech writers |
| 7. Conclusion |
| ၁။ နိဒါန်း |
| ၂။ သုတေသနနည်းနာ |
| ၃။ လူမှုကွန်ယက်များတွင် အမုန်းစကားတွေ့ရှိချက်များ |
| ၄။ အမုန်းစကားအမျိုးအစား အရေအတွက်ပြပုံ |

| |
|---|
| ၅။ အမုန်းစကား ဦးတည်ပစ်မှတ် အရေအတွက်များအား ဖော်ညွှန်းပုံ |
| ၆။ အမုန်းစကားရေးသားသူများ သုံးစွဲသည့် keywords များ |
| ၇။ နိဂုံး |





## 1. Introduction

The Myanmar military and its supporters have been spreading religious hate speeches targeting ethnic minorities and religious minorities to make division

and disunion among the revolutionary forces. The junta is disseminating its ideology by means of hate speech. Moreover, the 2021 coup accelerates persecution, marginalization, and violence against persecuted communities. The junta is using hate speech as a tool to create fear and disunion among the communities. The military is trying to keep their power longer and to continue their persecution by creating hate speeches that target ethnic and religious groups.

The junta and its supporters are circulating hate speeches in various ways, via both online and printed media, to divert public attention from the revolution.

The objective of the BHRN monthly report is to monitor and analysis hate speeches circulated by the military and its supporters. BHRN documented a total of 133 hate speech cases in April 2024.

## 2. Methodology

**Research Methodology** As hate speech is a term that comes from emotion, there is a wide spectrum in defining it, not a specific one. BHRN, therefore, standardised the definition of hate speech for this report as follows. Hate speech in this report means aggressiveness and hatred against protected characteristics of a person or a group, blaming, discriminative expression, writing, gesture, or art expression of excoriation, dehumanisation.

It means attacking someone's faith, language, gender, sexual orientation, origin, ethnicity, skin colour, race, belief, citizenship and physical appearance. The monitored hate speeches were categorised as (1) Criminalising Hate Speech, (2) Abusive Hate Speech, (3) Dehumanizing Hate Speech, (4) Violence Inciting Hate Speech, (5) Threatening Hate Speech, and (6) Hate Speech that supports prejudicial actions inspired by hate speech.

BHRN has daily documented hate speech terms and usages found in the contents –based on the current political crisis - disseminated by the military.

This report was written after monitoring both online and printed media which

Junta and its supporters used to spread their hate speeches. BHRN has monitored 9 Facebook groups, 36 Facebook Accounts, 19 TikTok Accounts, 25 Telegram Channels and 4 Printed Media during April.

**Junta's Propagative Methodology**

The Myanmar junta is using hate speech to boost its propaganda mechanism. The propagative mechanism includes repeating something again and again, dominating mentality, deception and manipulating data. By using those techniques, the Myanmar junta is creating narratives that promote their image as "the protector of the nation and the religion".
The junta is using hate speech to stimulate serious emotions such as aggressiveness, fear and indignation. The junta is using those emotions to create hatred against its targeted area and organisations by means of fabricated cases and distortive information. This can lead to giving up and disunion among revolutionists.
This disunion will lead to a situation in which people focus on raising questions and blaming each other in the community rather than focusing on fighting against persecuted policies of the military.

**Context of misinformation as hate speech**

In this report, BHRN has analysed hate speech in the context of the ongoing political tensions in Myanmar. Sometimes, when measured by international standards, what might look like misinformation takes on a different significance in the aftermath of the 2021 coup. This is because misinformation, particularly when aimed at individuals, groups with opposing political beliefs, or minority religious communities, can have severe consequences, even leading to loss of life and the intensification of religious and community conflicts.

Hate speech in Myanmar's current political climate is more than just false information; it can be a catalyst for very real and harmful outcomes, especially

in the post-coup environment. Understanding this complex relationship between hate speech, misinformation, and their tangible impacts is crucial for grasping the region's broader social, political, and intergroup dynamics.

## 3. Findings of hate speech in Social Networks

This month, 133 hate speech cases were found during BHRN’s monitoring process. When Facebook accounts were disabled, some created new accounts and some moved to Telegram channels. The military mainly used Telegram channels to spread hate speeches and the hate speeches were done through the cartoons more in this month.

### Hate speech targets and expressions

In this month’s (April) monitoring, hate speech targeted the most was PDF, the second was the Arakan Army and the third was the Muslim community. Moreover, hate speeches targeting Rohingya and Ethnic groups were found as well.

In addition, the most used terms of hate speeches for this month are "dog, Kelwar (a word that refers to dogs in Rakhine State), terrorist, Kalar (a derogatory term referring to Muslims), Illegal Bengali (referring to Rohingya), Rakhine Rebels, Terrorist, Wat Ma Sar (referring to Muslims), and Heretic.”

### Hate Speeches Targeted to PDF




Mg Mg Facebook account posted that "PDFs are robbing the cars on the Union Highway Road between Lataungyar Village and Tamochoung Village in Taninthayi Township. The security forces carried out a clearance operation in that area




and the weapons were seized along with two dead bodies of PDF.” That post used Criminalising Hate Speech describing PDFs as NLD's dog, militant, and subversive.
[Original Link]

A pro-military Telegram Channel named as “Han Nyein Oo” posted a photo of a woman with the caption "The PDF woman who committed suicide because of the abuse and rape of PDF.” That post used Criminalising Hate Speech against PDFs. It also used Abusive Hate Speech against PDF women.
[Original Link]

A TikTok account named as Sithugyi Maharbandula posted that "PDFs are those who will destroy Traditional Water Festival of Myanmar. If you find PDFs, you do not need to call the police station. Just kill them in downtown." That post used Criminalising Hate Speech by describing PDFs as rebels.
[Original Link]

A pro-military Telegram Channel named as “Naung Taw Lay” posted that "PDFs attacked Defence Services Academy located in Pyin Oo Lwin and Mandalay Mayor Water Festival pavilion. PDFs carried out those actions as they got insanely jealous of people's happiness and peacefulness during Myanmar New Year." That post used Criminalising Hate Speech by describing PDFs as



warrants, subversives, evils and cows controlled by NLD. It also used Dehumanizing Hate Speech against PDFs.
[Original Link]




**Hate Speech targeted at NUG**

Myosaunt Angel Tiktok account posted that "They dare say that PDF used 27 Kamikaze drones while they were attacking Nay Pyi Taw with drones. They are so foolish and funny. What they said is nonsense." That post used Abusive Hate Speech and Dehumanizing Hate Speech by describing PDFs as Nepaul (stupid NLD supporters) and dogs.
[Original Link]




A pro-military Telegram Channel named as “Kyaw Swar” posted that "The bomb explosion of Mandalay Mayor Water Festival pavilion was carried out by MDY-UG (PDF group) as NUG paid them." That post also used Dehumanizing Hate Speech and Criminalising Hate Speech by describing NUG as the emigre group who are stupider than dogs.
[Original Link]




### Hate Speeches targeting AA

A pro-military Telegram Channel named as “DOROR WADDY MEDIA” posted that "A member of AA arrived in Pazunphay Village, Thandwe Township, Rakhine State. The residents in that village complained to the military that that AA woman was persuading the villagers to join their AA group." That post used Dehumanizing Hate Speech by describing AA group as dogs.
[Original Link]




Mg Mg Facebook account posted that "Drop bombs delivered by AA group killed the villagers from Buthidaung township. AA group is launching attacks to the military by hiding in the religious buildings, villages, townships in Rakhine State. That AA group is threating, torturing, killing the people." That post used Criminalising Hate Speech and Dehumanizing Hate Speech by describing AA as terrorists and dogs.
[Original Link]

Mg Mg Facebook account posted that "On 11th April, a suspect was arrested along with WY pills worth more than 80,000,000 MMK near Myungpyin Village, Thandwe Township, Rakhine State. During investigation, that suspect confessed that WY pills would be sent to AA group." That post used Criminalising Hate Speech and Dehumanizing Hate Speech by describing AA as terrorists, militant, subversive, apostasy, opium king and dogs.

[Original Link]

**Hate Speeches Targeted to Muslim Community**

Phoe Kaw Ling Facebook account posted regarding 2 acres of land given to Muslim community in Nay Pyi Taw by the junta military through the Islamic Religious Organization to carry out religious activities. "The Buddhists should reject to the building of a mosque in Nay Pyi Taw. If there is one more mosque, a religious problem might occur in the future. If there is no mosque, there will be no problem." That post used Threatening Hate Speech linking a mosque to a future religious problem.
[Original Link]




A nationalist monk U Marmaka Facebook account posted that "When a mosque is built on 2 acres of land given to Islamic Religious Organization by the military, we, the patriots, should be ready to congratulate them by pouring pig's blood."

[Original Link]

RAMMARWADYTHAR Tiktok account posted a video of an RFA interview with former MP U Aung Thaung Shwe about the situation in Buthidaung Township. In that interview, he said the houses in Buthidaung township were burnt down by the Muslims who were trained by the military. Rakhine people are afraid of both

the military and the extremist Muslim community. After reposting that interview, the account added a caption "The extremist Muslim Bengalis are destroying the residential houses, Buddhist, Hindu, Christian religious buildings in Buthidaung Township. The main culprits for upcoming problems will be the junta and the Muslim Community. So for Muslims, do not shed tears when our turn comes."
Original Link

### Hate Speeches in Cartoons

A pro-military Telegram Channel named as “Sitthway” posted a cartoon in which PDFs are threatening students, monks and civilian staff at gunpoint. Every time they open their mouth, they are saying that they want Democracy and they are here to serve the public, not for themselves. But in reality, what they are actually doing is killing innocent people for no reason under various titles. That post used Criminalizing Hate Speech against PDFs.
Original Link



A pro-military Telegram Channel named as “Ka Ka Han” posted a cartoon in which PDFs were burning the houses down. The KNLA/PDFs are burning Kawkareik Township under the title of city-occupation battles. Public houses that people tried hard to own had been destroyed by fire. The cartoon was drawn by cartoonist Maga. That post used Criminalizing Hate Speech against PDFs.
[Original Link]




A pro-military Telegram Channel named as “Ka Ka Han” posted a cartoon in which NUG ministers were giving commands to bomb, to mine, to burn down the houses and schools. Not only NUG and PDFs are burning down the houses, bombing the bridges and roads but also destroying and burning the schools to make people suffer more. We cannot accept their actions anymore. The cartoon was drawn by cartoonist Maga. That post used Criminalizing Hate Speech against PDFs and NUG.
[Original Link]

## 4. The figure illustrating types of hate speech






**5. The figure illustrating the number of hate speech targets**






## 6. Keywords used by hate speech writers




## 7. Conclusion

In this month, ultra-nationalists were urged to object to the issue of 2 acres of

land given to the Muslim community in Nay Pyi Taw by the junta leader Min Aung Hlaing through the Islamic Religious Organization to carry out religious activities. Writings were found that if there is a mosque, a religious problem might occur in the future. In addition, people were urged to execute the PDFs if they were arrested during the Myanmar Water Festival. It is also found that the ethnic armed groups that are fighting against the military were portrayed as drug gangs. Many cartoons blamed the PDFs for firing the villages while the junta's military actually fired those villages.

**Links Translation >>>** NLD's dogs, PDFs, in Tanintharyi Region who are robbing the cars on Highway Road were a crackdown
On 3rd March 2024, the security forces carried out a clearance operation on the Union Highway Road between Lataungyar Village and Tamochoung Village in Taninthayi Region. The security forces went to clear that area as they got the news that terrorists, militant, subversive, apostasy, NLD's dog PDFs, were stopping the vehicles on that road to rob money. The weapons were seized along with two dead bodies of PDF.

..............................................................................................................................................

The caption "The PDF woman who committed suicide because of the abuse and rape of PDF"

..............................................................................................................................................

PDFs are those who will destroy the Traditional Water Festival of Myanmar. If you find PDFs, you do not need to call the police station. Know what to do to them in downtown.

..............................................................................................................................................

The real face of fugitives, subversives and PDF dogs who got insanely jealous of people's happiness and peace during the Myanmar New Year 12 people including 5 children were wounded as NUG and PDF terrorists detonated 2 hand-made mines at the Mandalay Mayor Water Festival pavilion. PDFs also attacked the Defence Services Academy located in Pyin Oo Lwin with missiles. Military personnel and people near them posted that the military was carrying out counter-clearance.

..............................................................................................................................................

The bomb explosion of Mandalay Mayor Water Festival pavilion was carried out by MDY-UG Spring (PDF group) as NUG paid them.

Those dogs gave so much trouble to the people. NUG emigre group who are stupider than dogs bombed and killed the people during the Myanmar Water Festival. They destroyed our Traditional Water Festival and made it a bloody festival.

............................................................................................................................................

So foolish and so funny. For example - Nepaul (NLD supporters)
They dare say that PDF used 27 Kamikaze drones when they attacked Nay Pyi Taw with drones. What I know is that all those drones were shot down and those dogs were caught as well.

............................................................................................................................................

A local reported that a member of AA named 'Khin Maryi' arrived in Pazunphay Village, Thandwe Township, Rakhine State
The residents in that village complained to the military that a AA woman came to the village and was persuading the women villagers to join their AA group. A local who wants peace and stability in Thandwe Township and do not like the actions of AA group, sent a letter to the military with a photo to arrest that woman.

............................................................................................................................................

Drop bombs by AA group killed the villagers from Buthidaung township
On the afternoon of 31st March, drop bombs delivered by a terrorist AA group killed at least 5 villagers from Ngakyitouk Village and Longchaung Village in Buthidaung township. The bodies of the deceased (5 men including a child plus 1 woman) were found in houses and bomb shelters in the northern part of the Ngakyitouk Village. AA group is launching attacks to the military by hiding in the religious buildings, villages, townships in Rakhine State. That AA group is threatening, torturing, and killing the people.

............................................................................................................................................

On 11th April, a suspect was arrested along with WY pills worth more than 80,000,000 MMK near Myungpyin Village, Thandwe Township, Rakhine State. Those WY pill are the ones that will be sent to the common enemy of the country, the terrorist Dog AA group. We don't even have to ask the suspect twice. He confessed that and even told the exact location of the Dog AA group. The security forces then carried out clearance operations in that area. No matter how they deny it, they will always be the drug gang.

............................................................................................................................................

The Buddhists should reject to the building of a mosque in Nay Pyi Taw. If there is one

more mosque, a religious problem might occur in the future. If there is no mosque, there will be no problem.

..........................................................................................................................................

When a mosque is built on that land, we, the patriots, should be ready to congratulate them by pouring pig's blood.

..........................................................................................................................................

A video of RFA interview with former MP U Aung Thaung Shwe "In Buthidaung township were burnt down by the Muslims who were trained by the military. Rakhine people are afraid of both the military and extremist Muslim community"
The extremist Muslim Bengalis are destroying the residential houses, Buddhist, Hindu, and Christian religious buildings, NGO buildings and houses in Buthidaung Township. The main culprits for upcoming problems will be the junta and the Muslim Community. So for Muslims, do not shed tears when our turn comes.

..........................................................................................................................................

To make our revolution successful, let's kill the people who do not support us by accusing them dalan (junta informer)
Every time they open their mouth, they are saying that they want Democracy and they are here to serve the public, not for themselves. But in reality, what they are actually doing is killing innocent people for no reason under various titles. Shame on you, terrorist PDFs.

..........................................................................................................................................

Not only NUG and PDFs are burning down the houses, bombing the bridges and roads but also destroying and burning the schools to make people suffer more. They are destroying our country's future. We cannot accept their actions anymore.

..........................................................................................................................................

They are destroying our cities under the title of city-occupation battles. All our dreams are broken now
The KNLA/PDFs are burning Kawkareik Township under the title of city-occupation battles. Public houses that people tried so hard to own had been destroyed by fire.

..........................................................................................................................................




## ၁။ နိဒါန်း

### နိဒါန်း

အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်တပ်နှင့် ၎င်းအားထောက်ခံသူများသည် တိုင်းရင်းသား လူမျိုးစုများနှင့် ဘာသာရေးအရ လူနည်းစုများကို ပစ်မှတ်ထားပြီး အမုန်းစကားများဖြန့်ဝေကာ အာဏာသိမ်းမှုကနေ အာရုံလွှဲရန်လည်းကောင်း၊ တော်လှန်ရေးလှုပ်ရှားသူများအကြား သဘောထားကွဲလွဲပြီး ခုခံတွန်းလှန်မှု အားယုတ်ချည့်နဲ့သွားစေရန်လည်းကောင်း ဆောင်ရွက်လာခဲ့သည်။ အာဏာသိမ်းစစ်တပ်သည် ၎င်း၏ အတွေးအခေါ်များကို အမုန်းစကားများဖြင့် ပုံဖော်ကာ ဝါဒဖြန့်လျက်ရှိသည်။ ထို့နောက် ၂၀၂၁ အာဏာသိမ်းမှုသည် ဖိနှိပ်ခံအုပ်စုများအပေါ် ထပ်လောင်း ညှဉ်းပန်းစေပြီး ဖယ်ကျဉ်ထားရန်နှင့် အကြမ်းဖက်မှုအား လှုံ့ဆော်ရန် စစ်အစိုးရကို တွန်းအားပေးလျက်ရှိသည်။

စစ်အစိုးရသည် တိုင်းပြည်အတွင်းရှိ လူ့အဖွဲ့အစည်းအတွင်း အကြောက်တရားနှင့် စိတ်ဝမ်းကွဲမှုကို မြှင့်တင်ရန် အမုန်းစကားများကို အသုံးပြုလျက်ရှိသည်။ လူမျိုးစု သို့မဟုတ် ဘာသာရေးအုပ်စုများကို ပစ်မှတ်ထားခြင်းဖြင့် စစ်အစိုးရသည် ၎င်းတို့၏ အာဏာအား ဆက်လက်ထိန်းချုပ်ရန်နှင့် ဖိနှိပ်မှုများကို ဆက်လက်လုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် အမုန်းစကားများကို ဖန်တီးရန် အစဉ်အမြဲကြိုးစားလျက်ရှိသည်။

စစ်အစိုးရနှင့် ၎င်း၏ ထောက်ခံသူများသည် အွန်လိုင်းနှင့် ပုံနှိပ်မီဒီယာများတွင် တော်လှန် ရေးဆောင်ရွက်နေသူများအကြားနှင့် ပြည်သူများမှ တော်လှန်ရေးအပေါ် အထင် အမြင်လွဲမှားစေရန် အမုန်းစကားများကို နည်းလမ်းအမျိုးမျိုးအသုံးပြုပြီး ဖြန့်ဝေနေကြသည်။

BHRN ၏ လစဉ် အမုန်းစကား အစီရင်ခံစာ ရည်ရွယ်ချက်မှာ အာဏာသိမ်းစစ်တပ်နှင့် ၎င်း၏ ထောက်ခံအားပေးသူများ ကျူးလွန်ဖြန့်ဝေနေသည့် ဆိုရှယ်မီဒီယာနှင့်ပုံနှိပ်မီဒီယာများမှ အမုန်းစကားများ၏ လားရာများကို အနီးကပ် စောင့်ကြည့်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းတို့ဖြစ်သည်။ ၂၀၂၄ ခုနှစ် ဧပြီလတွင် BHRN သည် အမုန်းစကား ၁၃၃ ခုကို မှတ်တမ်းတင်ခဲ့သည်။

## ၂။ သုတေသနနည်းနာ

အမုန်းစကားသည် စိတ်ခံစားမှု အမုန်းတရားပေါ်မူတည်ပြီး ပေါ်ပေါက်လာသော စကားရပ်ဖြစ်သည့် အလျောက် အဓိပ္ပါယ်ဖွင့်ဆိုရန် ကျယ်ပြန့်ပြီး တိကျသော ဖွင့်ဆိုချက်ဟူ၍ မရှိပေ။ သို့ဖြစ်ရာ ယခုအစီရင်ခံစာ၏ ရည်ရွယ်ချက်အတွက် အမုန်းစကားဖွင့်ဆိုချက်ကို BHRN မှ အောက်ပါအတိုင်း သတ်မှတ်ထားသည်။

အမုန်းစကားဟူသော စကားရပ်သည် တစ်စုံတစ်ဦး သို့မဟုတ် အုပ်စုတစ်စုကို ရည်ရွယ်၍ ၎င်းတို့ ထိန်းသိမ်းကာကွယ်ထားသည့် ကိုယ်ပိုင်ဝိသေသလက္ခဏာများကို ပြင်းထန်စွာ ဝေဖန်ခြင်း၊ အပြစ်တင်ခြင်း၊ မုန်းတီးခြင်း၊ ရန်လိုခြင်း၊ ခွဲခြားနှိမ့်ချ ဆက်ဆံမှုများကို ထုတ်ဖော်ပြောဆိုခြင်း၊ စာဖြင့်ရေးသားခြင်း၊ အမူအယာဖြင့် ဖော်ပြခြင်း၊ အနုပညာဖြင့် သရုပ်ဖော်ခြင်းတို့ကို ဆိုလိုသည်

။

လူသားတစ်ဦး၏ ကိုးကွယ်မှု၊ ဘာသာစကား၊ လိင်၊ လိင်စိတ်ခံယူမှု၊ နိုင်ငံသားဇာစ်မြစ်၊ တိုင်းရင်းသားဖြစ်မှု၊ အသားအရောင်၊ လူမျိုး၊ ယုံကြည်မှု၊ နိုင်ငံသားဖြစ်မှု၊ အသားအရောင်၊ ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်များ စသည့် မွေးရာပါအခွင့်အရေးများကို ထိခိုက်ပြောဆိုခြင်းတို့ကိုဆိုလိုပါသည်။ တွေ့ရှိသည့် အမုန်းစကားများကို အောက်ပါအတိုင်းပြန်လည်ခွဲခြားပါသည်။ အပြစ်သားများအဖြစ်ပုံဖော်ရေးသားသည့် အမုန်းစကားများ၊ နိုင့်ထက်စီးနင်းပြောဆိုသည့် အမုန်းစကားများ၊ လူအဖြစ်မှ နှိမ့်ချဆက်ဆံသည့် အမုန်းစကားများ၊ ဆူပူအကြမ်းဖက်မှုကို အားပေးသည့် အမုန်းစကားများ၊ ခြိမ်းခြောက်မှုအဖြစ် ပုံဖော်ရေးသားသည့် အမုန်းစကားများ၊ အကြမ်းဖက်မှုနှင့်အမုန်းစကားကြောင့် ကျူးလွန်သည့် လုပ်ရပ်များကို ဂုဏ်ယူစရာအဖြစ်ရေးသားသည့်အမုန်းစကားများ စသည်တို့ဖြင့် အမျိုးအစားခွဲခြားထားပါသည်။

BHRN သည် လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အထွေထွေနိုင်ငံရေးအကြပ် အတည်းများ ပေါ်မူတည်ပြီး စစ်တပ်မှ ဝါဒဖြန့်သည့် သတင်းအကြောင်းအရာများတွင် ပါဝင်သည့် အမုန်းစကားအသုံးအနှုန်းများကို နေ့စဉ်လေ့လာစောင့်ကြည့် မှတ်တမ်းတင်ထားပါသည်။

အမုန်းစကားများ ဖြန့်ဝေရန်အတွက် စစ်အစိုးရနှင့် ထောက်ခံသူများ အသုံးပြုနေသည့် အွန်လိုင်းနှင့် ပုံနှိပ်မီဒီယာတို့ကို စောင့်ကြည့်ခြင်းဖြင့် ဤအစီရင်ခံစာကို စုစည်းထားပါသည်။ အထူးသဖြင့် BHRN သည် 2024 ခုနှစ် ဧပြီလအတွင်း Facebook အဖွဲ့ ၉ ခု၊ Facebook အကောင့် ၃၆ ခု၊ Tiktok account ၁၉ခု၊ Telegram Channels ၂၅ ခု နှင့် Printed Media ၄ ခုကို နေ့စဉ် စောင့်ကြည့်ခဲ့ပါသည်။

**စစ်ကောင်စီဝါဒဖြန့်မှု နည်းနာများ**

စစ်ကောင်စီသည် အမုန်းစကားများကို အသုံးချ၍ ဝါဒဖြန့်ခြင်းသည် ၎င်းတို့၏ ဝါဒဖြန့်မှုကို ထိထိရောက်ရောက် အသုံးပြုလျက်ရှိသည်။ ထိုဝါဒဖြန့်နည်းလမ်းများတွင် ထပ်ခါတလဲလဲပြောဆိုရေးသားခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကြိုးကိုင်ခြယ်လှယ်ခြင်း၊ လှည့်စားခြင်းနှင့် အချက်အလက်များကို ကောက်နှုတ်ရွေးချယ်တင်ပြခြင်းတို့ ပါဝင်သည်။ ထိုနည်းလမ်းများကို ကျင့်သုံးခြင်းဖြင့် အာဏာရှင်စစ်တပ်သည် ၎င်းတို့၏ အတွေးအခေါ်ကို မြှင့်တင်ပေးသည့် ဇာတ်ကြောင်းများကို ဖန်တီးကာ "တိုင်းပြည်အား ကာကွယ်ပေးနေသူများအဖြစ်လည်းကောင်း၊ အမျိုးဘာသာသာသနာအား စောင့်ရှောက်သူများအဖြစ်လည်းကောင်း ပုံဖော်ထားကြသည်။

အမုန်းစကားများကို အသုံးပြု၍ စိတ်အလိုမကျမှု၊ ဒေါသဖြစ်မှု၊ ကြောက်ရွံ့မှု သို့မဟုတ် နာကြည်းမှုကဲ့သို့သော ပြင်းထန်သော စိတ်ခံစားမှုများကို လှုံ့ဆော်ပေးသည့် ဝါဒဖြန့်ဖြန့်ကျက်မှုကို အသုံးပြုလျက်ရှိသည်။ စစ်အစိုးရသည် ပစ်မှတ်ထားသော နယ်မြေများ၊ အဖွဲ့အစည်းများနှင့် ပတ်သက်သည့် စွပ်စွဲထားသော ဖြစ်ရပ်များ သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုများကို ပုံဖျက်ထားသည့် ဖြစ်ရပ်များကို အဆိုပါ စိတ်ခံစားမှုများကို အသုံးချပြီး ပြည်သူများအကြားရောက်ရှိအောင် ဖြန့်ဝေသည့်နည်းကို အသုံးပြုသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ပြည်သူများသည် တော်လှန်ရေးအပေါ် စိတ်လျော့ခြင်း၊ အချင်းချင်းစိတ်ဝမ်းကွဲမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။

ထိုသို့ အချင်းချင်းအကြားစိတ်ဝမ်းကွဲမှုများဖြစ်ပေါ်သည့်အခါ လူ့အဖွဲ့အစည်းသည် စစ်တပ်၏ ဖိနှိပ်ချုပ်ချယ်သော မူဝါဒများကို အပြစ်တင်ခြင်း၊ မေးခွန်းထုတ်ခြင်းဘက်သို့ အာရုံမရတော့ပဲ လူ့အဖွဲ့အစည်းအကြား အချင်းချင်း မေးခွန်းထုတ်ခြင်း၊ စိတ်ပျက်မှုများဖြစ်ပေါ်ခြင်းနှင့် နာကြည်းမှုများဖြစ်ပေါ်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။

## ၃။ လူမှုကွန်ယက်များတွင် အမုန်းစကားတွေ့ရှိချက်များ

BHRN ၏ ယခုလလေ့လာစောင့်ကြည့်မှုတွင် အမုန်းစကားအရေအတွက် ( ၁၃၃ ) ခုကိုတွေ့ရှိခဲ့

ပါသည်။ Facebook Account များပျက်ပါက အကောင့်သစ်များဖွင့်ခြင်းနှင့် Telegram channel များကို ပြောင်းလဲအသုံးပြုလာကြသည်။ စစ်ကောင်စီသည် ၎င်းတို့၏ ဝါဒဖြန့်ဝေမှုအား Telegram channel များကို အဓိကထားအသုံးပြုပြီး အမုန်းစကားများကို ကာတွန်းများဖြင့် ဖော်ပြလာမှုကိုတွေ့ရှိလာရပါသည်။

## အမုန်းစကားဦးတည်ပစ်မှတ်များနှင့် အသုံးအနှုန်းများ

ဧပြီလ လေ့လာစောင့်ကြည့်မှုတွင် တွေ့ရှိရသည့် အမုန်းစကားများ၏ ဦးတည်ပစ်မှတ်များမှ ယခုတွေ့ရှိမှုတွင် အမုန်းစကားဦးတည် တိုက်ခိုက်ခံရမှု အများဆုံးမှာ PDF ဖြစ်ပြီး၊ ဒုတိယတိုက်ခိုက်မှုအများဆုံးမှာ ရခိုင့်တပ်မတော် (AA)နှင့် တတိယအများဆုံးမှာ အစ္စလာမ်ဘာသာဝင်များ ဖြစ်သည်။ ထို့ပြင် ရိုဟင်ဂျာများနှင့် တိုင်းရင်းသားမျိုးနွယ်စုများကို ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများကိုလည်း တွေ့ရှိရသည်။

ထို့ပြင် ယခုလတွင် အမုန်းစကား များတွင် အသုံးအများဆုံးအသုံးအနှုန်းများမှာ ခွေး ၊ ခဲဝါ (ရခိုင်ဒေသတွင် ခွေးအ ကိုခေါ်ဝေါ်သည့်စကား) ၊ အကြမ်းဖက်၊ ကုလား ၊ ခိုးဝင်ဘင်္ဂါလီ၊ ဝက်မစား၊ ရခိုင်သူပုန်၊ မိစ္ဆာစသည်တို့ ဖြစ်သည်။

## PDF များအပေါ် ဦးတည်တိုက်ခိုက်သည့်အမုန်းစကားများ

တနင်္သာရီမြို့နယ်၊ လယ်တောင်ယာကျေးရွာနှင့် သမုတ်ချုံးကျေးရွာအကြား ပြည်ထောင်စု ကားလမ်းမပေါ်တွင် PDFများစစ်ဆေးရေးပြုလုပ်နေမှုကို နယ်မြေရှင်းလင်းရေးလုပ်ခဲ့ပြီး လက်နက်များသိမ်းဆည်းမိကြောင်း စစ်ကောင်စီမှဖော်ပြရာတွင် PDFများအား NLD ခွေးပဒက်များ ဟု



လည်းကောင်း၊ စစ်သွေးကြွများဟုတ်လည်းကောင်း၊ ပြည်ဖျက်ဘာသာဖျက်များအဖြစ်လည်းကောင်း စသည့် PDFများကို အပြစ်သားအဖြစ်ပုံဖော်ရေးသားထားသည့် အမုန်းစကားများကို ထည့်သွင်းရေးသားထားသည်ကိုတွေ့ရှိရသည်။ Mg Mg account မူရင်းပို့စ်




PDF များမဒိန်းကျင့်မှုကြောင့် ကိုယ့်ကိုကိုယ်သတ်သေသွားသည့် PDF အမျိုးသမီးဟု ဟန်ငြိမ်းဦး Channel တွင်တင်ထားပြီး ထိုသို့တင်ထားမှုတွင် PDFများအား အပြစ်သားများအဖြစ်လည်းကောင်း၊ PDF အမျိုးသမီးများအား နိုင့်ထက်စီးနင်းပြောဆိုထားသည့် အမုန်းစကားကို ဖော်ပြထားသည်။ Han Nyein Oo Channel မူရင်းပို့စ်

မြန်မာ့ရိုးရာအတာသင်္ကြန်ကို ဖျက်ဆီးမယ့်သူများသည် PDF များဖြစ်ပြီး PDF များကို မိပါက ရဲ လက်အပ်စရာမလိုပဲ မြို့လယ်ခေါင်တွင်သာ စီရင်ကြရန်တိုက်တွန်းထားသည်။ ထိုတိုက်တွန်းချက်တွင် PDF များကို သူပုန်ပဒက်ဟု အပြစ်သားများအဖြစ်ပုံဖော်ထားပြီး အကြမ်းဖက်မှုကိုလှုံ့ဆော်သည့် စကားကို စစ်သူကြီး မဟာဗန္ဓုလ tiktok အကောင့်မှ ရေးသားဖြန့်ဝေထားပါသည်။ စစ်သူကြီး မဟာဗန္ဓုလ မူရင်းပို့စ်

ပြင်ဦးလွင်စစ်တက္ကသိုလ် နှင့် မန္တလေးမြို့တော်ဝန်မဏ္ဍပ်တို့ကို PDF များတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး ပြင်ဦးလွင်စစ်တက္ကသိုလ် နှင့် မန္တလေးမြို့တော်ဝန်မဏ္ဍပ်တို့ကို PDF များတိုက်ခိုက်မှု




နှင့်ပတ်သက်ပြီး နှစ်သစ်ကူးကာလ ပြည်သူများ အေးချမ်းပျော်ရွှင်တာကို မနာလို




မရှုစိမ့်တဲ့ PDFများက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ရေးသားထားသည်။ ထိုသို့ရေးသားမှုတွင် PDFများအား ပြည်ပြေး ဝရမ်းပြေး ပြည်ဖျက် မိစ္ဆာနှင့် ပြည်တွင်းက နိုပိန်းပဒက် လူ့ငနွားများဟု အပြစ်သားများအဖြစ်လည်းကောင်း၊ လူအဖြစ်မှ နိမ့်ချခိုင်းနှိုင်းသည့် အသုံးအနှုန်းများဖြင့်လည်းကောင်း အစွန်းရောက်အမျိုးသားရေးလှုပ်ရှားမှုများကို ဦးဆောင်သူ နောင်တော်လေး တယ်လီဂရမ်ချန်နယ်မှ ရေးသားဖြန့်ဝေထားပါသည်။

[NaungTawLay - Telegram မူရင်းပို့စ်]

## NUG အစိုးရအား ဦးတည်တိုက်ခိုက်သည့်အမုန်းစကားများ

နေပြည်တော်အား PDF များက ဒရုန်းများဖြင့်တိုက်ခိုက်ရာတွင် ကာမီကာဇေ ၂၇ စီးဟု ပြောကြားခဲ့မှုကို စကစဘက်မှ မဟုတ်ကြောင်းပြန်ပြောရာတွင် PDFများအား အနီပေါ်များဟုလည်းကောင်း၊ ခွေးနှင့်ခိုင်းနှိုင်း၍လည်းကောင်း စသည့် နိုင့်ထက်စီးနင်းပြောဆိုမှုနှင့် လူအဖြစ်မှနှိမ့်ချပြောဆိုသည့် အမုန်းစကားများကို မျိုးစောင့်အိမ်ဂျယ် tiktok အကောင့်မှဖော်ပြထားပါသည်။
[မျိုးစောင့်အိမ်ဂျယ်tiktok အကောင့် မူရင်းပို့စ်]

မန္တလေးတိုင်း၊ ချမ်းအေးသားစံမြို့နယ် မဏ္ဍပ်ဗုံးပေါက်ကွဲခြင်းနှင့် ပတ်သက်ပြီး MDY-UG Spring အဖွဲ့မှ NUG ၏ ငွေပေးစေခိုင်းမှု



ကြောင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဖော်ပြရာတွင် NUG ကို လူ့အဖြစ်မှနှိမ့်ချကာ ခွေးနှင့်ခိုင်းနှိုင်းပြီး ပြည်ပြေးအုပ်စုအဖြစ်လည်းကောင်း၊ အကြမ်းဖက်ပံ့ဖော်ကာ အပြစ်သားအဖြစ်လည်းကောင်း ရေးသားထားသည့် အမုန်းစကားကို KyawSwar telegram channel မှ ဖော်ပြထားပါသည်။ [KyawSwar telegram channel မူရင်းပို့စ်]




## ရခိုင့်တပ်မတော်AAအား ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများ




ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် ပုဇွန်ဖြေကျေးရွာသို့ AAအဖွဲ့ဝင်တဦးရောက်ရှိပြီး AA အဖွဲ့သို့ဝင်ရန် လိုက်လံစည်းရုံးနေမှုအား ဒေသခံများက စကစ စစ်ကြောင်းကို တိုင်ကြားထားကြောင်း ရေးသားမှုတွင် AA အဖွဲ့ကို ခဲဝါ (ခွေးအ) နှင့်ခိုင်းနှိုင်းပြီး လူအဖြစ်မှနှိမ့်ချဆက်ဆံသည့် အမုန်းစကားကို DOROR WADDY MEDIA telegram channel မှဖော်ပြထားပါသည်။ [DORROR WADDY MEDIA မူရင်းပို့စ်]

ဘူးသီးတောင်မြို့နယ် ကျေးရွာများမှ ရွာသားသည် AA အဖွဲ့၏ Drop Bomb များကြောင့် သေဆုံးခဲ့ရသည်။ AA အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ဘာသာရေး အဆောက်အဦများ၊

ကျေးရွာများ၊ မြို့များအား အကာအကွယ်ယူ၍ စကစ အား တိုက်ခိုက်လျက်ရှိပြီး ပြည်သူများကို အကြောက်တရားဖြင့် ခြိမ်းခြောက်ကာ နှိပ်စက် သတ်ဖြတ်မှုများရှိသည်ဟု ဝါဒဖြန့်ထားပါသည် ။ ထိုဝါဒဖြန့်မှုတွင် AAအဖွဲ့အား အကြမ်းဖက်သောင်းကျန်းသူများအဖြစ် အပြစ်သားအဖြစ်ပုံဖော်ထားသည့် အမုန်းစကားကိုလည်းကောင်း ခွေးနှင့် ခိုင်းနှိုင်း၍ လူ့အဖြစ်မှနှိမ့်ချသည့် အမုန်းစကားကိုလည်းကောင်း Mg Mg အကောင့်မှ ရေးသားဖြန့်ဝေထားသည်။ Mg Mg အကောင့် မူရင်းပို့စ်

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ မြို့ပြင်ရွာအနီးမှာ ၁၁ ရက်နေ့ ကျပ်သိန်း ၈၀၀ ကျော် တန်ဖိုးရှိသည့် WY ဆေးပြားများနှင့်အတူ တရားခံတစ်ဦးဖမ်းမိပြီး ထိုတရားခံ အားစစ်ဆေးရာတွင် AAအဖွဲ့ သို့ ပို့ပေးရမည်ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်ဟု ရေးသားရာတွင် AA အဖွဲ့အား အကြမ်းဖက်သူများ၊ ပြည်ဖျက်၊ ဘာသာသာသနာ ဖျက်၊ ဘိန်းရာဇာ၊ စစ်သွေးကြွများဟု ပြောဆိုကာ အပြစ်သားများအဖြစ်လည်းကောင်း၊ ခဲဝါ (ခွေး) နှင့်ခိုင်းနှိုင်းကာ လူ့အဖြစ်မှ နှိမ့်ချဆက်ဆံသည့် အမုန်းစကားများအား Mg Mg အကောင့်မှ ရေးသားဖော်ပြထားပါသည်။ Mg Mg account မူရင်းပို့စ်

**အစ္စလာမ်ဘာသာဝင်များအား ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများ**

အစ္စလာမ်ဘာသာရေးအဖွဲ့သို့ အာဏာသိမ်းစစ်တပ်မှ သာသနာရေးလုပ်ငန်းဆောင်ရွက်ရန် နေပြည်တော်တွင် မြေဧက ပေးခြင်းနှင့်ပတ်သက်ပြီး နေပြည်တော်တွင် ဗလီဆောက်မည့် ကိစ္စအား ဗုဒ္ဓဘာသာဝင်များ ကန့်ကွက်ကြပါရန် နှင့် အနာဂတ်တွင် ဗလီရှိလျှင် ဘာသာရေးပြဿနာဖြစ်နိုင်ပြီး မရှိလျှင် မဖြစ်နိုင်ဟု ဗလီရှိခြင်းသည် ဘာသာရေးပြဿနာရှိခြင်းနှင့် ချိတ်ဆက်၍ ခြိမ်းခြောက်သည့် စကားကို Phoe Kaw Ling အကောင့်မှ ရေးသားဖြန့်ဝေထားပါသည်။ Phoe Kaw Ling မူရင်းပို့စ်

အာဏာသိမ်းစစ်တပ်မှ အစ္စလာမ်ဘာသာ



ရေးအဖွဲ့ကြီးသို့ သာသနာရေးလုပ်ငန်းအတွက်ဟုဆိုကာ ပေးသည့် မြေဧကတွင် ဗလီဆောက်သည့်အခါ ဝက်သွေးကိုလောင်းပြီး ဂုဏ်ပြုကြရန် မျိုးချစ်များကို တိုက်တွန်းမှုအား အမျိုးသားရေးလှုပ်ရှားသူ လှရတနာကျောင်းတိုက် တာဝန်ခံ ဦးမာမက မှ ရေးသားဖြန့်ဝေထားပါသည်။
[ဦးမာမက မူရင်းပို့စ်]




ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးအောင်သောင်းရွှေ အား RFA မှ ဘူးသီးတောင်အခြေအနေအား အင်တာဗျူးရာတွင် အင်တာဗျူးတွင် ဘူးသီးတောင်မြို့တွင် နေအိမ်များမီးရှို့ခံထားရပြီး တိုက်ပွဲဖြစ်ပွါးခြင်းမရှိပဲ စကစ မှ သင်တန်းပေးထားသည့် အစွန်းရောက် မွတ်စလင်များကို မီးရှို့ဖျက်ဆီးကြောင်း၊ ရခိုင်လူမျိုးများသည် စစ်ကောင်စီနှင့် အစွန်းရောက်မွတ်စလင် ကွန်မြူနတီအား ကြောက်လန့်နေရကြောင်း အင်တာဗျူးဖြေထားသည့် ဗီဒီယိုကို ဖော်ပြကာ ဘူးသီးတောင်မြို့ရှိ ဗုဒ္ဓဘာသာ ဟိန္ဒူဘာသာ ခရစ်ယာန်ဘာသာရေး အဆောက်အဦး၊ လူနေအိမ်များ ဖျက်ဆီးနေမှုကို နစကနှင့် မွတ်စလင်များက အဓိကတရားခံဟု လည်းကောင်း၊ မွတ်စလင်များအနေဖြင့် အလှည့်ကျမှ မျက်ရည်မကျနှင့်ဟု ကြိမ်းဝါးသည့် စာသားများဖြင့် RAMMARWADYTHAR tiktok account မှဖော်ပြထားသည်။ [RAMMARWADYTHAR မူရင်းဗီဒီယို]

## ကာတွန်းဖြင့်ဖော်ပြသောအမုန်းစကားများ




လိုချင်တော့ဒီမိုကရေစီ၊ ပါးစပ်ကနေ ပြောပြောနေတာက ပြည်သူအတွက်၊ တကယ်




တမ်းလက်တွေလုပ်ဆောင်နေတာကျတော့ အပြစ်မဲ့ပြည်သူတွေကို ခေါင်းစဉ်မျိုးစုံသုံး ပြီး အကြောင်းမဲ့သတ်ဖြတ်နေသည်ဟု ရေးသားထားပြီး ကာတွန်းတွင် PDFများမှ ကျောင်းသား၊ ဘုန်းကြီးနှင့် ဝန်ထမ်းများကို သေနတ်ဖြင့် ချိန်ထားသည့် ပုံကိုရေးဆွဲကာ PDF များအား အပြစ်သားများအဖြစ်ပုံဖော် ထား သည့် ကာတွန်းကို စစ်သွေး Telegram Channel မှဖော်ပြထားပါသည် ။ စစ်သွေးTelegram Channel မူရင်းပို့စ်

KNLA/PDF များက မြို့သိမ်းတိုက်ပွဲခေါင်းစဉ်ဖြင့် ကော့ကရိတ်မြို့ကို မီးရှို့ဖျက်ဆီးနေမှုကြောင့် ပြည်သူများရှာဖွေစုဆောင်းတည်ဆောက်ထားသည့် ပြည်သူပိုင်အိမ်များမီးလောင်ပျက်စီးကုန်ပြီ ဟုဆိုကာ ကာတွန်း မာဃ ရေးဆွဲထား သည့် PDFမှ နေအိမ်များကို မီးရှို့နေသည့် ကာတွန်းတွင် PDFများအား အပြစ်သားအဖြစ်ပုံဖော်ရေးသားထားသည့် ကာတွန်းအား Ka Ka Han Channel တွင် ဖော်ပြထားသည်။ Ka Ka Han Channel မူရင်းပို့စ်

NUG နှင့် PDF တို့သည် ပြည်သူများအား ဒုက္ခရောက်အောင် နေအိမ်များကို မီးရှို့၊ လမ်းတံတားများကို ဗုံးထောင်ဖောက်ခွဲသည့်အပြင် စာသင်ကျောင်းများကို မီးရှို့ ဖျက်စီးမှုများ ပြုလုပ်နေမှုကို လက်ခံလို့ မရဘူးဟု ကာတွန်းဖြင့် ယှဉ်တွဲဖော်ပြထားသည်။ ကာတွန်းတွင် NUG ဝန်ကြီးများမှ ဗုံးထောင်၊ မိုင်းခွဲရန် အိမ်များ စာသင်



ကျောင်းများကို မီးရှို့ရန် စေခိုင်းနေပုံကို ကာတွန်းဆရာ မာဃမှ ရေးဆွဲထားပြီး NUG နှင့် PDFများကို အပြစ်သားအဖြစ် ပုံဖော်ရေးသားထားသည့် ကာတွန်းကိုဟန် ငြိမ်းဦး ချန်နယ်အခွဲဖြစ်သည့် Ka Ka Han telegram channel မှ ဖော်ပြထားပါသည် ။ [Ka Ka Han telegram မှုရင်းပို့စ်]




## ၄။ အမုန်းစကားအမျိုးအစား အရေအတွက်ပြပုံ



## ၅။ အမုန်းစကား ဦးတည်ပစ်မှတ် အရေအတွက်များအား ဖော်ညွှန်းပုံ




## ၆။ အမုန်းစကားရေးသားသူများ သုံးစွဲသည့် keywords များ






## ၇။ နိဂုံး

ယခုလတွင် အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်သည် ဘာသာရေးလုပ်ငန်း အသုံးပြုရန်ဟုဆိုကာ မြေ ၂ဧက ပေးမှုအပေါ် အမျိုးသားရေးလှုပ်ရှားသူများအနေဖြင့် ကန့်ကွက်ရန်နှင့် ဗလီရှိပါက နောင်တွင် ဘာသာရေးပြဿနာဖြစ်နိုင်ကြောင်း ရေးသားမှုများကို တွေ့ရှိရသည်။ ထို့ပြင် သကြ်န်ကာလတွင် PDF များအား တွေ့ရှိပါက တွေ့သည့်နေရာတွင် စီရင်ရန် လှုံ့ဆော်မှုများကိုတွေ့ရှိရသည်။ ထို့ပြင် စကစ ကိုတော်လှန်နေသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ဘိန်းရာဇာဂိုဏ်းများဖြစ်ကြောင်းပုံဖော်ရေးသားလာမှုကိုလည်း တွေ့ရှိရသည်။ အာဏာသိမ်းစစ်ကောင်စီနှင့် တိုက်ပွဲဖြစ်သည့်နေရာများတွင် စကစ မှ မီးရှို့သည့် ကျေးရွာများအား PDF များမှ မီးရှို့သည်ဟု ပုံဖော်ရေးသားမှုများ ကာတွန်းများဖြင့် ပုံဖော်မှုများကို တွေ့ရှိရပါသည်။

## Background on the Burma Human Rights Network (BHRN)

Burma Human Rights Network (BHRN) is based in London, operates across Burma/Myanmar and works for human rights, minority rights and religious freedom in Burma. BHRN has played a crucial role in advocating for human rights and religious freedom with politicians and world leaders.

## **Media Enquiries**

Please contact:

Kyaw Win,
Executive Director
Burma Human Rights Network (BHRN)
E: kyawwin@bhrn.org.uk
T: +44(0) 740 345 2378

Wai Yan
Researcher
Burma Human Rights Network (BHRN)
E: wai.yan@bhrn.org.uk

**Learn More**

[Burma Human Rights Network] | [Phone] | [E-mail] | [Website]

Connect with us

Burma Human Rights Network (BHRN) | Walthamstow , London, LONDON E17 United Kingdom

Unsubscribe kyawwin78@gmail.com

Update Profile | Constant Contact Data Notice

Sent by kyawwin@bhrn.org.uk powered by

Constant Contact

Try email marketing for free today!